**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂ / ၂၀၁၄)**
**နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်**
**(၂၀၁၄ ခုနှစ်၊ မတ် လ ၁၃ ရက်)**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက ဖြစ်စေ၊ပုဂ္ဂလိကပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များက ဖြစ်စေ ပြည်ပသို့ တင်ပို့သည့် ကုန်ပစ္စည်းများ အားလုံးအပေါ်တွင် ပို့ကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုပြီး ဖြစ်သည်။

၃။ သို့ဖြစ်၍ ပို့ကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ကုန်ပစ္စည်းများကို အကြောင်း အမျိုးမျိုးကြောင့် ပြည်ပသို့တင်ပို့ခြင်းမပြုနိုင်ပါက ပို့ကုန်လိုင်စင်ပြန်လည်အပ်နှံရာတွင် ကောက်ခံသည့် ပို့ကုန်လိုင်စင်အပ်နှံကြေး ပေးဆောင်ရခြင်းအား ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရန် အလို့ငှာ ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ကင်းလွတ်ခွင့် ပြုလိုက်သည်။

(ပုံ) ဦးဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက-၁၄ / ၁(၃)-၂၀ / ၂၀၁၄ ( ၃၀ )
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ မတ် လ ၁၃ ရက်)

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

13/3
( ဦးဟန် )
ရုံးအဖွဲ့မှူး

\\172.16.129.11\d\Section(1)\2014 Office Letter\March\Khaing\New\New Letter.docx